# သမ္မတကတော်နှင့် တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

Radio Free Asia (RFA)
13 June, 2007

ဒေါက်တာဆလိုင်းလျန်မှုန်းဦးဆောင်တဲ့ ENC ခေါ် တိုင်းရင်းသားလူမျိုးများကောင်စီ ကိုယ်စားလှယ်အဖွဲ့ဟာ အမေရိကန်သမတကတော် မက်စ်လော်ရာဘုရှ်ရဲ့ဖိတ်ခေါ်ချက်အရ သမ္မတအိမ်ဖြူတော်မှာ သွားရောက်တွေ့ဆုံပြီး မြန်မာ့နိုင်ငံရေးကိစ္စတွေကို သွားရောက်ရှင်းလင်းခဲ့ပါတယ်။

အဲဒီလိုတွေ့ဆုံရာမှာ ငြိမ်းချမ်းရေးနဲ့ လွတ်လပ်ခွင့်အတွက် စွမ်းဆောင်သူတွေကို ချီးမြှင့်တဲ့ မာတင်လူသာကင်းဆုရှင်လည်းဖြစ်၊ တိုင်းရင်းသားလူမျိုးများကောင်စီရဲ့ အတွင်းရေးမှူးလည်းဖြစ်သူ ဒေါက်တာဆလိုင်းလျန်မှုန်းနဲ့ အတူ ကရင်တိုင်းရင်းသားကိုယ်စားလှယ် နော်ကညောဖောနှင့် ကရင်နီတိုင်းရင်းသားကိုယ်စားလှယ် မမိုးမိုးအောင် တို့လည်း ပါဝင်ပါတယ်။

အိမ်ဖြူတော်မှာ သမတကတော် မစ္စက်လော်ရာဘုရှ်နဲ့ တွေ့ဆုံခဲ့တဲ့ ကိစ္စနဲ့ပတ်သက်လို့ ဒေါက်တာဆလိုင်းလျန်မှုန်းကို ဦးဝင်းနိုင်ဦးက ဆက်သွယ်မေးမြန်းထားပါတယ်။

**ဝင်းနိုင်ဦး။** ။ ဆရာဆလိုင်းလျန်မှုန်းတို့ရဲ့ တိုင်းရင်းသားလူမျိုးများကောင်စီက အမေရိကန်မှာရှိတဲ့ အထက်လွှတ်တော်၊ အောက်လွှတ်တော်အမတ်တွေနဲ့ အခြားသက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့တွေ့ပြီးတော့ တိုင်းရင်းသားကိစ္စတွေ ပြောကြဆိုကြတာကိုတော့ ကျနော်တို့သိတယ်။ အင်္ဂါနေ့မနက်မှာတော့ အမေရိကန်သမတကတော် မစ္စက်လော်ရာဘုရှ်နဲ့ ဆရာဆလိုင်းလျန်မှုန်းတို့သွားတွေ့ကြတယ်လို့ကြားတယ်။ ဆရာတို့ဘယ်လိုပုံစံနဲ့သွားတွေ့ကြတာလဲခင်ဗျ။

**ဒေါက်တာဆလိုင်းလျန်မှုန်း။** ။ ကျနော်တို့ကို အိမ်ဖြူတော်ကနေပြီးတော့ ဖိတ်စာပို့ပါတယ်။ Congressman Joseph R. Pitts ကနေတဆင့် ဖိတ်စာပို့ပြီးမှ တိုင်းရင်းသားလူမျိုးများကောင်စီကနေပြီးတော့ ကိုယ်စားလှယ်တွေ သမတကတော်နဲ့လာတွေ့ကြပါဆိုပြီးတော့ ဖိတ်စာရတာနဲ့ ကျနော်တို့သွားကြတာဖြစ်ပါတယ်။

**ဝင်းနိုင်ဦး။** ။ ဆရာဆလိုင်းလျန်မှုန်းတို့သွားတွေ့ကြတော့ စတွေ့ပုံတွေ့နည်း၊ အစီအစဉ်လေးတွေကို ပြောပြပေးပါလားခင်ဗျ။

**ဒေါက်တာဆလိုင်းလျန်မှုန်း။** ။ ဟုတ်ကဲ့။ ကျနော်တို့သွားတွေ့တော့ Congressman Joseph R. Pitts ကိုယ်တိုင် အိမ်ဖြူတော်ကို လိုက်ပို့ပါတယ်။ အစီအစဉ်ကတော့ သမတကတော်ရဲ့ ရုံးခန်းမှာပဲ ကျနော်တို့တွေ့တယ်။ Congressman Joseph R. Pitts က ကျနော်တို့နဲ့လိုက်ပြီး မိတ်ဆက်ပေးတယ်။ နောက်တော့ ပြည်ထောင်စုမြန်မာနိုင်ငံမှာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ကျနော်တို့တိုင်းရင်းသားလူမျိုးများ ရှုထောင့်ကနေတင်ပြတယ်။ ပထမအနေနဲ့ နော်ကညောဖောကနေပြီးတော့ ကျနော်တို့တိုင်းရင်းသားလူမျိုးတွေ ရင်ဆိုင်နေရတဲ့ အထူးသဖြင့် ဒုက္ခသည်စခန်းတွေမှာ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို တင်ပြတယ်။ ပြီးတော့ မိုးမိုးအောင်ဆိုတာကတော့ ကရင်နီပြည်နယ်ကိုယ်စား ကျနော်တို့တိုင်းရင်းသားလူမျိုးများကောင်စီမှာ ပါလာတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ သူကနေပြီးတော့ ဒုက္ခသည်စခန်းတွေမှာ ရင်ဆိုင်ရတဲ့အခက်အခဲတွေကို တင်ပြတယ်။ အထူးသဖြင့် ပညာရေးနဲ့ ကျန်းမာရေးဆိုင်ရာတွေကို တင်ပြပါတယ်။

ဝင်းနိုင်ဦး။ ။ ဆရာဆလိုင်းလျန်မှုန်းကကော ဘာတွေတင်ပြသလဲခင်ဗျ။

**ဒေါက်တာဆလိုင်းလျန်မှုန်း။** ။ ကျနော်ကတော့ ကျနော်တို့ တိုင်းရင်းသားလူမျိုးများကောင်စီရဲ့ နိုင်ငံရေးမူဝါဒနဲ့ပေါ်လစီကိုတင်ပြတယ်။ ပြီးတော့ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြဿနာကို သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးပွဲနဲ့ ဖြေရှင်းတာဟာ အကောင်းဆုံးဖြစ်တဲ့အတွက် အမေရိကန်ပြည်ထောင်စုကနေပြီးတော့ ဒီသုံးပွင့်ဆိုင် တွေ့ဆုံ

ဆွေးနွေးရေး ဖြစ်ပေါ်လာရေးကို ကူညီပံ့ပိုးနိုင်ဖို့၊ ဒီလို ကူညီပံ့ပိုးတဲ့နေရာမှာလည်း ကျနော်တို့ အိမ်နီးချင်းနိုင်ငံတွေ ဖြစ်တဲ့ တရုတ်၊ အိန္ဒိယနဲ့ အာဆီယံနိုင်ငံတွေနဲ့ အမေရိကန်ပြည်ထောင်စုပူးပေါင်းပြီးတော့ ဆောင်ရွက်နိုင်မယ့် နည်းလမ်းကိုရှာကြံပြီးတော့ လုပ်ဆောင်ကြဖို့ တိုက်တွန်းဖြစ်ပါတယ်။

**ဝင်းနိုင်ဦး။** ။ အဲဒီတော့ သမတကတော်ကကော ဘာများပြန်ပြောသလဲခင်ဗျ။

**ဒေါက်တာဆလိုင်းလျန်မှုန်း။** ။ သူသေသေချာချာ နားထောင်ပါတယ်။ ပြီးတော့ ကျနော်တို့တိုင်းပြည်မှာ ရင်ဆိုင်နေရတဲ့ အနှစ်ငါးဆယ် ပြည်တွင်းစစ်အပါအဝင် ဒုက္ခသည်စခန်းတွေမှာရော ပြည်သူလူထု ရင်ဆိုင်နေရတဲ့ဒုက္ခ တွေရော သူအများကြီးကိုယ်ချင်းစာတဲ့အကြောင်း၊ ပြီးတော့ သူ့အနေနဲ့လည်း အမေရိကန်ပြည်ထောင်စုရဲ့ အထက် လွှတ်တော်နဲ့အောက်လွှတ်တော်မှာရှိတဲ့ အမတ်တွေနဲ့ပူးပေါင်းပြီးတော့မှ ကျနော်တို့ဗမာပြည်အတွက် လုပ်ပေးဖို့ ကြိုးစားနေတဲ့အကြောင်းတွေကို ပြောပြပါတယ်။ ဒီကိစ္စတွေကို သူ့အနေနဲ့လည်း သူကိုယ်တိုင် ကိုယ်ကျသော် လည်း ကောင်း၊ သူ့ရဲ့ခင်ပွန်းသည် သမတကြီးအနေနဲ့သော်လည်းကောင်း ပြည်ထောင်စုအရေးကို ဆက်လက်ကူညီဖို့ ဆန္ဒ ရှိတဲ့အကြောင်း၊ သူတို့အနေနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူလူထုတရပ်လုံးအတွက် အမြဲတမ်း ဆုတောင်းပေး နေတဲ့အကြောင်း ဆက်ပြောပါတယ်။

**ဝင်းနိုင်ဦး။** ။ ဒီမြန်မာပြည်အကြောင်း၊ တိုင်းရင်းသားအခြေအနေအကြောင်းတွေကို ရှင်းလင်းပြောပြတော့ သမတကတော် မစ္စက်လော်ရာဘုရှ်ကရော စိတ်ဝင်တစား မေးခွန်းတွေမေးတာ ရှိလားခင်ဗျ။

**ဒေါက်တာဆလိုင်းလျန်မှုန်း။** ။ ဟုတ်ကဲ့၊ မေးခွန်းတွေ အများကြီးမေးပါတယ်။ အမေရိကန်ပြည်ထောင်စု အနေနဲ့၊ အထူးသဖြင့် ပေါ်လစီပိုင်းဆိုင်ရာတွေကို ဆုံးဖြတ်ပေးတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ပြည်ထောင်စု မြန်မာနိုင်ငံမှာ ရင်ဆိုင်ရတဲ့ နိုင်ငံရေးအကြပ်အတည်းဟာ ဒီမိုကရေစီအင်အားစုနဲ့စစ်အာဏာရှင်အကြားမှာ ဖြစ်ပွားနေတဲ့ ပြဿနာ တခုထဲလို့ပဲ သူတို့မြင်နေပါတယ်။

**ဝင်းနိုင်ဦး။** ။ သမတကတော် မစ္စက်လော်ရာဘုရှ် နဲ့စကားပြောနေချိန်မှာ တခြားဘယ်သူတွေကော အနား မှာ ရှိသလဲခင်ဗျ။

**ဒေါက်တာဆလိုင်းလျန်မှုန်း။** ။ Congressman Joseph R. Pitts ရယ်၊ သူ့ရဲ့ကိုယ်ရေးအရာရှိပေါ့ ရှိပါတယ်။ ပြီးတော့ မစ္စက်လော်ရာဘုရှ်ရယ် ပြီးတော့ သူ့ရဲ့ မိန့်ခွန်းတွေရေးပေးတဲ့ပုဂ္ဂိုလ်၊ ပြီးတော့ သူ့ရဲ့ကိုယ်ရေးအရာရှိပုဂ္ဂိုလ် (၃) ယောက်၊ ဆိုတော့ စုစုပေါင်း (၅) ယောက်ပေါ့ သူတို့ဘက်ကရှိပါတယ်။

**ဝင်းနိုင်ဦး။** ။ တွေ့အချိန် ဘယ်လောက်လောက်ကြာပါသလဲ။

**ဒေါက်တာဆလိုင်းလျန်မှုန်း။** ။ တနာရီနဲ့ ဆယ့်ငါးမိနစ် လောက်ကြာပါတယ်။ ကျနော်တို့ မျှော်လင့်တာ ကတော့ မိနစ် (၃၀)၊ (၄၀) လောက်တွေ့ဖြစ်မယ်ထင်တယ်။ ဆိုတော့ စကားပြောရင်းနဲ့ သူအများကြီး စိတ်ဝင်စားမှုပြ တဲ့အပေါ်မှာ တနာရီကျော်ကျော်ကြာသွားတာကို ကျနော်တို့တွေ့ရပါတယ်။

**ဝင်းနိုင်ဦး။** ။ အဲဒီတော့ အမေရိကန်သမတကတော် မစ္စက်လော်ရာဘုရှ်နဲ့တွေ့ဆုံရတဲ့အပေါ်မှာ ဆရာ ဆလိုင်းလျန်မှုန်းအနေနဲ့ စိတ်ထဲမှာ ဘယ်လိုဖြစ်မိသလဲခင်ဗျ။

**ဒေါက်တာဆလိုင်းလျန်မှုန်း။** ။ ဟုတ်ကဲ့။ ကျနော်တို့အနေနဲ့ အမေရိကန်ပြည်ထောင်စု အစိုးရကသော် လည်းကောင်း၊ ပြည်သူလူထုကသော်လည်းကောင်း ကျနော်တို့ပြည်ထောင်စုအရေးကို ဂရုတစိုက်ရှိတယ်။ ကူညီပံ့ပိုး ချင်စိတ်ရှိတယ်။ ပြီးတော့ စေတနာသန့်သန့်နဲ့ ကျနော်တို့တိုင်းပြည်မှာ ဒီမိုကရေစီရရှိရေးနဲ့ ပြည်တွင်းစစ် ငြိမ်းချမ်း ရေး၊ ပြီးတော့ကျနော်တို့ပြည်ထောင်စုမြန်မာနိုင်ငံကို ပြန်လည်တည်ဆောက်ရေးအတွက် တကယ့်စေတနာ သန့်သန့်

နဲ့ ကူညီပံ့ပိုးချင်စိတ်ရှိတယ်ဆိုတာကို ကျနော်သူ့မျက်နှာကို ကြည့်ပြီးတော့ အကဲခတ်မိပါတယ်။ သူ့အပြောအဆိုတွေကို ကြည့်ခြင်းအားဖြင့်လည်း ဒီလိုပဲ အကဲခတ်မိလိုက်ပါတယ်။

**ဝင်းနိုင်ဦး။** ။ မစ္စက်လော်ရာဘုရှ်က ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်လို့ကော ပြောတာဆိုတာ ရှိသလားခင်ဗျ။

**ဒေါက်တာဆလိုင်းလျန်မှုန်း။** ။ ဟုတ်ကဲ့ ရှိပါတယ်။ သူဒေါ်အောင်ဆန်းစုကြည်ကိုလည်း အထူး လေးစားတဲ့အကြောင်း၊ သူ့ရဲ့ကျန်းမာရေး၊ သူရဲ့လွတ်မြောက်ရေးတွေအတွက် သူကိုယ်တိုင် ဆုတောင်းပေးနေတဲ့အကြောင်းတွေကိုလည်း ပြောပါတယ်။